
ဒုတိယပါမောက္ခချုပ်ဆရာတော်

# အရှင်ဆေကိန္ဒ



စာသား - မောင်ကိုကို(အမရပူရ)၊ သရုပ်ဖော် - ဇော်ကိုနိုင်

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN 9789997130747
BBU4
9 789997 130747
1,000.00 KS

mgyoe.com

အရှင်ဆောကိန္ဒ၊ မောင်ကိုကို(အမရပူရ)နှင့် ကျော်ဖြူစံ
မျက်နှာဖုံးပန်းချီ - ကျော်ဖြူစံ
စာမျက်နှာ ၆၀ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

F1R

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

■■■■■■■■■■■■■■■■■■■■

# အရှင်ဆောကိန္ဒ

စာသား – မောင်ကိုကို(အမရပူရ)

သရုပ်ဖော် – ပန်းချီကျော်ဖြူစံ

ပထမအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ… အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ကျွန်တော် သွားရောက်၍ ဦးတင်ခဲ့ပါသည်။

ဆရာတော်၏ ဘဝအကြောင်းကို မိန့်မြွက်ရန် ကျွန်တော်က မေးမြန်းလျှောက်ထားရပါ၏။

ဆရာတော် အရှင်ဆေကိန္ဒသည် လူ့ဘဝက အေဂျီတီအိုင်မြို့ပြ အင်ဂျင်နီယာ အောင်မြင်ခဲ့သူဖြစ်သည်။

အစိုးရအလုပ်ထဲတွင် ခေတ္တ ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးသည်။

ဆရာတော်၏ ငယ်အမည်မှာ မောင်စိုးမင်းဟု ခေါ်သည်။



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

မောင်စိုးမင်းကို စစ်ကိုင်းတောင်ရိုး သောတာပန်ရပ်တွင် မွေးဖွားကြီးပြင်းခဲ့၏။ အဖမှာ ဦးအောင်သန်း၊ အမိက ဒေါ်စိန်ကြည်။


အမေက မွန်ပြည်နယ်က ဖြစ်သည်။ မွန်နှင့် ကရင် သွေးနှောထားသော မိခင် ဖြစ်သည်။

ဖခင်သည် အင်စပက်တော်၏ သားဖြစ်၏။

မိဘနှစ်ပါးသည် ဂျပန်ခေတ် စစ်မက်ကာလကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရ၏။ ထို့ကြောင့် အတန်းပညာမတတ်ခဲ့ကြပါ။ ဖခင်သည် အင်္ဂလိပ်စာနှင့် သင်္ချာကို ဘုန်းကြီးများထံမှ သင်ကြားခွင့်ရခဲ့၏။



mgyoe.com



ဆရာတော် အရှင်ဆေကိန္ဒ ဖြစ်လာမည့် မောင်စိုးမင်းသည် ငယ်စဉ်တုန်းက စစ်ကိုင်းတောင်၊ ရေဦးတိုက်သစ်ကျောင်း ဆရာတော် ဦးတိဿ၏ ကျောင်းမှာ စာသင်ခဲ့ရ၏။

မောင်စိုးမင်းတို့ကလေးများက ဆရာတော် ဦးတိဿကို 'ဘုန်းဘုန်းတိန်' ဟု ခေါ်သည်။

ဘုန်းဘုန်းတိန်သည် မောင်စိုးမင်း၏ ကံ့ကူလက်လှည့် ငယ်ဆရာ။



mgyoe.com

mgyoe.com

"မင်းတို့ လက်ရေးကို လှအောင်ရေးတတ်ဖို့ ဘုန်းဘုန်း သေချာ သင်ပေးမယ်။ လက်ရေးဆိုတာ ငယ်ငယ်ကတည်းက လှပဖို့ လိုတယ်ကွဲ့။ လူတစ်ယောက်ရဲ့ ဘဝဟာ ဖြောင့်တန်းလှပဖို့ သူ့လက်ရေးဟာလည်း ဖြောင့်တန်းနေဖို့ လိုတယ်။ လှပနေဖို့ လိုတယ်"

ဘုန်းဘုန်းတိန်သည် မောင်စိုးမင်းတို့ကလေးများ လက်ရေးလှအောင် အထူးကြပ်မတ် သင်ကြားပေးခဲ့၏။






mgyoe.com

mgyoe.com

မောင်စိုးမင်း၏ ဆရာတစ်ဆူဖြစ်သော ဘုန်းဘုန်းတိန်သည် အရိုက်တော့ ကြမ်း၏။

"မင်းတို့ကောင်တွေ ဝမ်းလျားမှောက်လိုက်စမ်း"

ဘုန်းဘုန်းတိန်က မှောက်ခိုင်းလျှင် မှောက်ရ၏။

"ခြေသလုံးကို လှန်ထားကြ"

ရွှမ်းရွှမ်း

ဘုန်းဘုန်းတိန်၏ ကြိမ်ချက်များမှာ ပြင်းထန်လှ၏။ ခြေသလုံးအသားထဲ ကြိမ်လုံးက နစ်ဝင်သွား၏။ နီရဲသော အရှိုးရာများ။ သွေးခြည်များပင် ဥလို့။

မောင်စိုးမင်း၏ စိတ်ဓာတ်သည် ရိုက်ခြင်းကို မကြိုက်ပါ။ ဆန့်ကျင်၏။ စိတ်က ဆန့်ကျင်သည်။ ပြန်တော့ မလျှောက်ရဲ။





mgyoe.com

mgyoe.com



မောင်စိုးမင်းသည် မူလတန်း ကျောင်းသို့ ရောက်သည်။

ကျောင်းအုပ်အပျိုကြီးကလည်း အရိုက်ကြမ်းပြန်၏။

ကျောင်းမှာ အရိုက်မခံရအောင် သတိထားပြီး နေထိုင်ရ၏။ ပြုမူရ၏။

"ဆရာ ဆရာမတွေက မရိုက်ဘဲ စာသင်လို့ မရဘူးလား"

မောင်စိုးမင်းလေးသည် စိတ်ထဲက မေးခွန်းထုတ်နေမိ၏။



mgyoe.com

mgyoe.com



မောင်စိုးမင်း၏ ဖခင်သည် အရက်သောက်၏။ ဖဲရိုက်သည်။

မောင်စိုးမင်းသည် အမေ့ဗိုက်ထဲက သန္ဓေသားဘဝကပင် ဖဲဝိုင်းသို့ ရောက်ဖူး၏။

အမေက မောင်စိုးမင်းကိုယ်ဝန်နှင့်။ အဖေ ဖဲရိုက်တာကို လိုက်ခေါ်သည်။ အဖေက မထသေး။ အမေက အဖေ့ဘေးမှာ ထိုင်ရ၏။ အဖေ့ ဖဲချပ်များကို ကြည့်နေမိ၏။

မောင်စိုးမင်းကလည်း အမေ့ဗိုက်ထဲကနေ ဖဲချပ်များကို လှမ်းကြည့်၏။ မမွေးခင် ဖဲရည်ဝနေ၏။

အဖေကတော့ အသုဘအိမ်များသို့ ဖဲလည်ရိုက်မြဲရိုက်နေ၏။



mgyoe.com

mgyoe.com

အမေက အဖေ ဖဲရိုက်တာကို မကြိုက်။ မောင်စိုးမင်းကလည်း အမေ မကြိုက်သောအရာကို မကြိုက်ပါ။ အမေ့ကို စိတ်ချမ်းသာစေချင်၏။

မောင်စိုးမင်းသည် လူငယ်ဘဝမှာ ဖဲရိုက်ကျွမ်းကျင်အောင် လေ့ကျင့်၏။ အဖေ မသိအောင် ဖဲကို ရိုက်ကြည့်၏။ အမေ့ဗိုက်ထဲမှာ နေကတည်းက ဖဲရည်ဝခဲ့သူမို့ ခြောက်နှစ် လေ့ကျင့်လိုက်သောအခါ ကျွမ်းကျင်သွား၏။







mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

မောင်စိုးမင်းသည် ဖဲကို ရိုက်ချင်သောကြောင့် မဟုတ်ပါ။

တစ်နေ့တွင် အဖေ့ဖဲဝိုင်းသို့ မောင်စိုးမင်း လိုက်သွား၏။

အဖေ့ဖဲဝိုင်းထဲမှာ မောင်စိုးမင်းက ဝင်ထိုင်၏။ အဖေက မျက်စောင်း ခဲ၏။

မောင်စိုးမင်းသည် အဖေနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်၏။

အဖေနှင့် အပြိုင်ရိုက်၏။ ဖဲကို ကျကျနန ရိုက်၏။

အဖေက အံ့ဩနေ၏။ မောင်စိုးမင်းသည် ဖဲဝိုင်းမှာ အဖေ့ကို နိုင် အောင် ရိုက်နိုင်ခဲ့၏။

ထိုနေ့ကစ၍ အဖေသည် ဖဲပြတ်သွား၏။

"အဖေ ဖဲမရိုက်တော့ဘူး အမေ။ အဖေ ဖဲမရိုက်အောင် ကျွန်တော် လုပ်လိုက်တာ"

အဖေကတော့ တကယ့်ကိုပဲ ဖဲဝိုင်းသို့ မသွားတော့ပါ။



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

မောင်စိုးမင်းသည် အလယ်တန်း ကျောင်းသားဘဝကပင် သူငယ်ချင်းတစ်ယောက်နှင့်အတူ တရားထိုင်တတ်၏။

နေ့စဉ် ငါးပါးသီလဆောက်တည်၏။ နေ့စဉ် တရားထိုင်၏။

"ငါတို့ နှစ်ယောက် လေးကျွန်းမာရ် အောင်ဘုရားမှာ တရားသွားထိုင်မယ်ကွာ။ အဲဒီဘုရားမှာ စိတ်အငြိမ်ဆုံးပဲ"


မောင်စိုးမင်းနှင့် သူ၏သူငယ်ချင်းသည် မိုးမလင်းခင်မှာပင် စစ်ကိုင်းတောင်၏ ဘုရားစေတီများသို့ ရောက်နေကြ၏။ ဘုရားလိုဏ်ဂူအတွင်းမှာ တရားထိုင်ကြ၏။





mgyoe.com

mgyoe.com



မောင်စိုးမင်းသည် မနက်ဆိုလျှင် အဘွားနှင့်အတူ ဆွမ်းလောင်း၏။

အိမ်ရှေ့သောက်ရေအိုးကို ရေဖြည့်၏။

mgyoe.com

mgyoe.com



ဒိမ်ရှေ့တစ်ခွင်မှာ တံမြက်စည်းလည်း လှဲလိုက်သေး၏။



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

မောင်စိုးမင်း၏ မိဘများသည် ပထမတော့ သစ်ဆိုင်ဖွင့်၏။ ဝါးကပ် များလည်း ရောင်း၏။ စီးပွားရေး မဆိုးလှ။ မောင်စိုးမင်းမှာ မောင်နှမ ဆယ် ယောက်ရှိ၏။ သူက အကြီးဆိုတော့ ထိန်းကျောင်းရ၏။

နောက်တော့ အဖေ့ သစ်ဆိုင်က ပြည်သူပိုင် သိမ်းခံရ၏။ မိသားစု မှာ ဆင်းရဲနွမ်းပါးသွားကြ၏။

မနက် ချဉ်ပေါင်ဟင်း။

ည ချဉ်ပေါင်ဟင်း။

ချဉ်ပေါင်ခင်းကို အိမ်မှာ စိုက်ပျိုးထား၏။

ဤသို့ ဆင်းဆင်းရဲရဲဘဝသို့ ရောက်သွားသော်လည်း ဆွမ်းက တော့ လောင်းမြဲလောင်း၏။

ဆန်နို့ဆီဘူး ရှစ်လုံးချက်၏။ သံဃာတော်အတွက် ဆန်တစ်ဆုပ် ကတော့ သီးသန့်ဖယ်ဖယ်ထား၏။

ဆင်းရဲသည်။

သူများတွေကဲ့သို့ မသုံးနိုင်။

သို့သော် မောင်စိုးမင်းသည် စိတ်မညစ်ပါ။ ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်း၏။



mgyoe.com

mgyoe.com

မောင်စိုးမင်းသည် မန္တလေးဂျီတီအိုင်သို့ တက်ခွင့်ရသွားပြီ။

ဂျီတီအိုင်က ဆင်းလျှင် အင်ဂျင်နီယာ ဖြစ်ပြီ။

မောင်စိုးမင်းသည် ပျော်နေ၏။

"ငါ့သားက ပညာတတ်ကြီးဖြစ်ပြီ။ အင်ဂျင်နီယာလည်း မကြာခင် ဖြစ်ပြီး အလုပ်ခွင်ဝင်ရတော့မှာ။ ငါ့သားအတွက် အမေ အရက်ဖြတ်လိုက်တော့မယ်"



mgyoe.com

မောင်စိုးမင်းသည် အဖေ့ကို ထိုင်ရှိခိုးချင်လောက်အောင် ပျော်သွား၏။

"ဝမ်းသာလိုက်တာ အဖေရယ်"

*

မောင်စိုးမင်း၏ မိခင်သည် သားသမီးများ အိပ်ပျော်သွားလျှင် ပါးများကို လိုက်နမ်းတတ်၏။

အိပ်မပျော်သေးသော မောင်စိုးမင်းက အမေ့ချစ်မေတ္တာကို ညစဉ်တွေ့မြင်ခံစားရ၏။

"အဖေကတော့ ချစ်ရဲ့လား မသိဘူး"

မောင်စိုးမင်းက အမေ့ကို ပြော၏။

"သူ့သားသမီး သူ မချစ်ဘဲ နေပါ့မလား သားရဲ့"

အမေက မောင်စိုးမင်းကို ပြန်ပြော၏။





mgyoe.com